

# ပြာ
# ရဲ့
# အပြာ

# ပြာရဲ့အပြာ

## ပြာ

## ကျမရည်းစားသူများချစ်သူ

သူနဲ့သူ့အမျိုးသမီးကို မြင်လိုက်တော့ အရာရာဟာ ရုပ်ရှင်ကားတွေထဲက လိုမျိုး ရပ်တန့် မသွားဘူး။ ဒီအတိုင်းပဲ... ငါလည်း ရပ်မပျက်ဘူး၊ သူလည်း ရုပ်မပျက်ဘူး။ သူ့အမျိုးသမီးရဲ့ရုပ်ရည်ကို ပေနှစ်ဆယ်အကွာကနေ ငါ လှမ်းမမြင်ရဘူး။ နဂိုကတည်းက ငါ့မျက်လုံးတွေက မကောင်းတာပါ.. မျက်ရည်ဝဲလာလို့ အမြင်တွေ ဝေဝါးနေတာ မဟုတ်ဘူး။

ကျောပိုးအိတ်ထဲက စီးကရက်ဘူးကိုထုတ်ပြီး၊ ဘူးထဲက စီးကရက်ကို ဆွဲထုတ်တော့ ငါ့လက်ချောင်း ကလေးတွေ နည်းနည်းတုန်နေတယ်။ သူ ဝယ်ပေးခဲ့တဲ့ အပြာရောင် မီးခြစ်ကလေးနဲ့ မီးညှိတော့လည်း မီးတောက်နဲ့ စီးကရက်ဟာ နှစ်ခါလောက် တော့လွဲလွဲတယ်။ အငွေ့တွေကို အဆုတ်ထဲ ရှိုက်သွင်းလိုက်ပြီးမှ ငါတည်ငြိမ်သွားသလို ခံစားရတယ်။ စီးကရက် မီးခိုး ငွေ့ကြားကနေ လှမ်းကြည့်လိုက်တော့ သူ့ပုံရိပ်ဟာ မှုန်ဝါးဝါးပဲ... ငါ့မျက်စိ အဝေးမှုန်တာ သိပ်ဆိုးနေပြီ။

ခေါင်းငုံ့ပြီး ဖုန်းပွတ်နေတဲ့ ငါ့မျက်စိရှေ့ကို ကချင်ပုဆိုးရှည်ရှည် ဝတ်ထား တဲ့ ကတ္တီပါဖိနပ်စီး ခြေထောက်ကလေး ဝင်လာတယ်။ "ဆေးလိပ် တစ် လိပ်လောက်တဲ့"... Mevius caster ထုတ်ပေးတော့ "ကလေးကလားနဲ့" လို့ ပြောပေမဲ့ တစ်လိပ်တော့ ယူသောက်တယ်။ စီးကရက် နောက်တစ်လိပ်ကို နှုတ်ခမ်းမှာတေ့ပြီး မီးခြစ်တော့ မီးတောက်ကလေးကို သူ့လက်ဖဝါးနဲ့ ကာ

ပေးတယ်။ ငါတို့ မှုတ်ထုတ်လိုက်တဲ့ မီးခိုးငွေ့တွေဟာ လေထဲမှာ ဒွေး ရောယှက်တင်…

"အပြင် လျှောက်မသွားဘဲ အိမ်ထဲမှာနေဖို့ သေချာမှာမှ ရောက်လာတယ် နော်"

"Suprise လာတိုက်တာလေ.. အခု သောက်လိုက် ရတာကျတော့ ငါပဲ.."

ဒီစကားတွေက ရယ်ရယ်မောမောပါပဲ၊ စီးကရက် တစ်လိပ်ကုန်တော့ သူ ပြန်ထွက်သွားတယ်။ သူထိုင်လက်စ စားပွဲမှာရှိနေတဲ့ သူ့အမျိုးသမီး ကတော့ သူ့ကို ရေဘူး ကမ်းပေးလိုက်တာကို တွေ့ရတယ်။

ငါ သူ့အကြောင်းကို မသိဘူး။ ဘယ်လောက်အထိ မသိသလဲဆိုရင် သူ့ နာမည်အရင်း၊ သူ့ရာထူး၊ သူ့ဌာနစတဲ့ ဘယ်အရာကိုမှ ငါသူ့ကို မေးမကြည့် ခဲ့ဖူးတာ။ သူ့လက်က လက်စွပ်ကိုတော့ တစ်ခါတုန်းက စေ့စပ်လက်စွပ် လားလို့ ငါမေးဖူးတယ်၊ သူ ပြန်မဖြေခဲ့ဘူး။ လက်ထပ်လက်စွပ်လည်း ဖြစ် ချင်ဖြစ်မှာပေါ့… ငါမသိဘူး။ ငါတို့ကြားမှာ သူရယ်၊ ငါရယ် ဆိုတာကလွဲရင် တခြားဘာမှ ငါသိပ်မတွေး ထားခဲ့ဖူးဘူး။ ဒီမိန်းမဟာလည်း သူ့ရည်းစား၊ သူ့ဇနီးလောင်း၊ အဆုံးစွန်ဆုံး သူ့မိန်းမတောင် ဖြစ်နေနိုင်သေးတယ်။

စိတ်ထဲမှာ မီးတောက်နေရမယ့်အစား မိန်းမဗီဇအရ စော်က ငါ့လောက် လည်း မလှဘူးလို့ ခပ်တည်တည် တွေးပစ်လိုက်တယ်။ ဟုတ်တယ်.. မလှ ဘူး၊ ဆံပင်ဖြောင့် ရှည်ရှည်တွေ၊ ခပ်ရိုးရိုး Blouse ပန်းရောင်ကို ခြေဖျားမှာ ရှုံ့သွားတဲ့ ဂျင်းဘောင်းဘီ အရောင်ဖျော့နဲ့၊ ဒိတ်အောက်နေတဲ့ ဒီဇိုင်းနဲ့ Guess cross body အိတ်နဲ့၊ ဒေါက်ပါးပါး ကွင်းထိုးဖိနပ်နဲ့၊ ပန်းနုရောင် နှုတ်ခမ်းနီနဲ့၊ ပါးပေါ်မှာ တင်းတိပ် နည်းနည်းနဲ့၊ Apple iPhone Eleven ကိုင် ထားတဲ့မိန်းမဟာ တောသူကြီးသမီး မြို့တက်လာတဲ့ပုံနဲ့ ပိုတူတယ်။ အနီးကပ်မြင်ရတဲ့ သုံးမိနစ်အတွင်း ဒီမိန်းမရဲ့ ခေါင်းအစခြေအဆုံး ငါ

အကဲဖြတ်ပြီးသွားပြီ။ ပြီးမှ ဂါဝန်အတိုအနက်နဲ့၊ handmade dye လုပ်ထားတဲ့ ဂျင်းဂျာကင် မိုးပြာဖျော့ဖျော့နဲ့ Adidas sneaker စီးထားတဲ့ငါက သူ့ထက်တော့ ဖက်ရှင်သာတယ်လို့ တွေးပြီး နည်းနည်း ကျေနပ်သွားတယ်။

ဒါပေမဲ့ အဓိကအချက်က အဲဒီမိန်းမက ပိုက်ဆံရှိပြီး၊ ငါကတော့ မရှိဘူး။ တခြားအရာတွေ သာတာ၊ လျော့တာ ရှိနိုင်ပေမဲ့ အဲဒီမိန်းမနဲ့ငါကြား အဓိကကွာခြားချက်ကတော့ ဒါပါပဲ.. တကယ်အသုံးဝင်တဲ့ အရာတွေရှိမှ ပိုပြီး နီးနီးကပ်ကပ်ကို ရောက်နိုင်မှာ မဟုတ်လား။ ဘဝမှာ တစ်ယောက်ယောက်ရဲ့လက်ကို ဆွဲရတဲ့အခါ ဘယ်လောက်အထိ ကိုင်းကျွန်းမှီနိုင်ကြမလဲ ဆိုပြီး ဆုံးဖြတ်ကြရတာပဲ။ အသက်ရှင် ရပ်တည်ရတာက လွယ်ကူကြတာမှ မဟုတ်ဘဲနဲ့။

ချစ်ခြင်းမေတ္တာဟာ အထောက်အပံ့နဲ့လည်း မဆိုင်ဘူး၊ သူကလည်း ခြူစားနေတဲ့ကောင် မဟုတ်ဘူး။ ဒါပေမဲ့ ဘဝမှာ တစ်ခုခု လိုအပ်လာခဲ့ရင် တကယ်အထောက်အကန် ပေးနိုင်တဲ့သူတွေကို အနားမှာ ဆွဲခေါ်ထားဖို့ လိုတယ်မဟုတ်လား။ တချို့အရာတွေကို ငါ အေးအေးဆေးဆေးပဲ လက်သင့်ခံလိုက်နိုင်တယ်။ ငါက ဦးနှောက်နဲ့ရော၊ နှလုံးသားနဲ့ပါ ချစ်တတ်၊ ခွင့်လွှတ်တတ်ခဲ့ပုံပါပဲ။

ငါ့မျက်စိရှေ့မှာ အဲဒီအမျိုးသမီးက သူ့ကို "ကို" လို့ခေါ်ပြီး ပခုံးကလေးထိလိုက်၊ ချွေးသုတ်ပေးလိုက်နဲ့... အဲဒီမြင်ကွင်းကို ငါဟာ စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ်ဖွာရင်း သက်ရှိ ရုပ်ရှင်ကားလို ခံစားကြည့်နေခဲ့မိတယ်။ ငါက သိပ်သွေးအေးတဲ့ မိန်းမတော့ မဟုတ်ပါဘူး၊ သွေးဆူလွယ်တဲ့ အထဲတောင် ပါသေးတယ်။ ဒါပေမဲ့ ငါဟာ ဒီမြင်ကွင်းတွေကို မတုန်မလှုပ် ကြည့်နေနိုင်ခဲ့တယ်။

ငါ့ကိုနှုတ်ဆက်ပြီး ငါ့ရှေ့ကနေ ပြန်ထွက်သွားကြတယ်။ သူတို့ပြန်သွားမှ

ငါ ဘီယာမှာတယ်၊ မူးအောင်သောက်တယ်။ မက်ဆင်ဂျာမှာ စာဝင်လာတယ်၊ "အေးဆေးပဲ မဟုတ်လား" တဲ့။ နှုတ်ခမ်းကို တွန့်ပြုံးပြီး စီးကရက်နောက်တစ်လိပ်ကို ဆွဲထုတ်လိုက်တယ်။ နှုတ်ခမ်းဖျားမှာ စီးကရက်တွေ့တော့ အတူထိုင်နေတဲ့ လူထဲက တစ်ယောက်ယောက်က မီးညှိပေးတယ်။ ဘီယာဆိုင်က တီဗွီမှာလာနေတဲ့ သီချင်းက မိန်းကလေး တစ်ယောက်အသည်းကွဲနေတယ် တဲ့။ မီးခိုးငွေ့တွေကို မှုတ်ထုတ်ရင်း အဟက်လို့ ထရယ်မိတယ်။

စီးကရက်သီးရင်လည်း မျက်ရည်တော့ ဝဲတတ်တယ် မဟုတ်လား။

#ပြာ

***

## အသည်းကွဲပက်ကေ့ချ်

ကိုယ်တို့ လမ်းခွဲရအောင်

ဒီစကားကို ပြောမယ်ဆိုတော့မှ ကိုယ်တို့နှစ်ယောက်ဟာ ဘယ်တုန်းကမှ မနီးစပ်ဖူးခဲ့ဘူး ဆိုတာကို သတိထားမိတော့တယ်။ လမ်းမတူပေမဲ့ လူချင်းတွေ့ခဲ့ကြတဲ့ အခိုက်အတန့်ကိုပဲ ကိုယ်က ဖက်တွယ် ထားခဲ့မိတာမျိုးပေ့ါ။

မပျော်ရွှင်မှုတွေက ပေါင်းပင်ဆန်တယ်။ ဘယ်လောက်ပဲ ရှင်းထုတ်ပါစေ အချိန်တန်ရင် တရုန်းရုန်းနဲ့ ပြန်ရှင်သန် လာတာမျိုးချည့်ပဲ။ ကိုယ်က အခုဆို ချောက်ကမ်းပါးစွန်းက ဟူးဟူးရားရား လေအနှင်ထဲမှာ ရပ်တန့်နေရသူလို ကိုယ့်ကိုယ်ကိုယ် ဟန်ချက်ညီအောင် ထိန်းသိမ်းလိုက်ဖို့ ခက်နေတယ်။ တစ်ခါတလေ လေးလံလွန်းလာရင်ကို ပေ့ါပါးလာသလိုမျိုး .. ထုထည်ကြီးမားလွန်းလို့ အစကိုရော အဆုံးသတ်ကိုပါ မမျှော်ကြည့်နိုင်သလိုမျိုး။ ကိုယ့်ရင်ထဲမှာ ပြည့်ကျပ်နေတယ်၊ လေးလံနေတယ်၊ မွန်းကျပ်နေတယ် ... ဒါပေမဲ့ အဲဒီခံစားချက်က ဗလာကြီး။

နှလုံးသားတစ်ခုလုံး ဗလာတွေနဲ့ ပြည့်နှက်နေသလို ခံစားချက်ကြီး။ ဘာမှမရှိတော့သလိုမျိုး ဒါမှမဟုတ်ရင် လူတွေအပြည့်နဲ့ နေရာမှာ တစ်ယောက်ထဲပဲ သံပတ်ကုန်တဲ့ အရုပ်လို ရပ်တန့် နေရသလိုမျိုး... အာကာသထဲ မျောနေသလို၊ အဆုံးအစမတွေ့ရတဲ့ ဟင်းလင်းပြင်ထဲ လမ်းလျှောက်နေရသူလို၊ ချောက်ကမ်းပါး ထိပ်ကနေ ငုံ့ကိုင်း ငေးကြည့်နေခဲ့ရသူလို ..

ကိုယ် မပြောတတ်တော့ဘူး စကားအရရော၊ ကိုယ့်အသက်ရှူသံရော၊ အရာရာကိုပါ ကိုယ်ရောက်တဲ့ နေရာမှာ ရပ်တန့်ပစ်လိုက်ချင်တယ်။

တစ်လောကလုံးမှာ ကိုယ်မရှိတော့သလို အသံတွေ တိတ်ဆိတ်လိုက်ချင်တယ်။ ဥပမာ မင်းက လာပွေ့ဖက်ရင်တောင်မှ ကိုယ့်ရင်ခုန်သံတွေကို ပြန်မမှုဝေနိုင် တော့တာမျိုးပေ့ါ။

ထားပါတော့လေ... ပျော်ရွှင်ရတယ်ဆိုတာ တကယ်ရှိတယ်လို့ပဲ ဆိုကြပါစို့... ပြီးတော့ အဲဒီအရာဟာလည်း မင်းရဲ့အပြုံးလေးပဲ ဖြစ်နေတယ်လို့ ထပ်ပြီး အဆိုပြုချင်သေးတယ်။ မင်းက ကိုယ်ချစ်ရတဲ့ ကန္တာရဆူးပင်ကလေးပါပဲ... ကိုယ့်အတွက် တစ်ခုတည်းသော အစိမ်းလန်းဆုံး အိုအေစစ်လေးပေ့ါ။ ကိုယ်လေ တတ်နိုင်ရင် မင်းလက်ကို ဆွဲထား ကြည့်ချင်သေးတယ်။ ကိုယ်အသက် ဆက်ရှင်ဖို့ တစ်ခုထဲသော အကြောင်းအရာဟာ မင်းဖြစ်နေလို့ပါဆိုတဲ့ စောက်တလွဲ အကြောင်းပြချက်နဲ့ပဲ ဖြစ်ဖြစ်ပေ့ါ။

ခက်တယ်နော်... လူတွေဟာ ကိုယ့်အတွက် မဟုတ်တာကိုမှ သိပ်ပြီးလိုချင်ကြတယ်။ ထားပါလေ ... သိပ်တော့လည်း အရေးမကြီးလှပါဘူး။ ဒီလောကကြီးလည်း လိုအပ်နေတာ မဟုတ်ဘူးလို့ တွေးကြည့်လိုက်ရုံပဲပေ့ါ။

ကိုယ့် အခန်းထဲမှာ မှောင်မိုက် အေးစက်နေပေမဲ့ သောက်လက်စ ကော်ဖီတွေကတော့ နွေးနေတုန်းပါပဲ။ အခုမှ ပြိုကျလာတဲ့ မျက်ရည်စက်တွေလို...

#ပြာ

***

# အလွမ်းသက်သက်အနည်းငယ်

"ဒီနေ့ တိမ်တွေလှတယ်နော်.. အချိန်ရမယ်ဆိုရင် ကော်ဖီတစ်ခွက်လောက် အတူ သောက်ကြမလား" လို့ စာတစ်စောင်လောက် ပို့လိုက်ဖို့ကိုတောင် တွေဝေတွန့်ဆုတ် နေခဲ့ဖူးတဲ့ ကိုယ့်ကိုယ်ကိုယ် မုန်းတယ်။ ကိုယ်တို့ကြားက စည်းတွေကို ဘယ်သူကများ ရေးဆွဲထားမိခဲ့ကြသလဲ... သေချာတာကတော့ ကိုယ်တိုင်ပါပဲ။ မင်းက စွန်ကလေးလေ... နီးချင်ရင် ကိုယ်ကပိုပြီး ခိုင်ခိုင်မြဲမြဲ ဆွဲထားခဲ့ရမှာ။ တစ်စွန်းတစနဲ့ ကြားဖူးနေကျ သီချင်းလေးလို "အချိန်တွေကို နောက်ဆုတ်လိုက်ရင် ကောင်းသားကွာ၊ ဒါဆိုရင် မင်းကအနားမှာ ရှိဦးမှာ" လို့ပဲ တောင့်တနေရမလား။ မသေချာပါဘူးလေ ... ကိုယ်တို့တွေကြားမှာ သေချာတာဆိုလို့ ဘယ်သောအခါမှ အတူ မရှိနိုင်ကြခြင်းပါပဲ၊ ဝမ်းနည်းရတယ်နော်။

ဒီနေ့ မင်းမွေးနေ့... မင်းမွေးနေ့ဆိုရင် မင်းနဲ့ပတ်သက်တဲ့ အမျိုးသမီးလေးတွေ တိုင်းက ညသန်းခေါင်မှာ မင်းဆီကိုစာပို့ရင်း ငါကတော့ အစောဆုံးမွေး နေ့ဆုတောင်းစာ ပို့နိုင်ခဲ့ပြီလို့ ဂုဏ်ယူ ကျေနပ်ကြမှာပါပဲ။ မင်းကတော့ ညဆယ့်နှစ်နာရီ ထိုးကတည်းက ဝင်လာတဲ့ Sms များစွာကို ဘာခံစားချက်မှ မပါတဲ့အကြည့်တွေနဲ့ ဒီအတိုင်းပဲ ဖွင့်ဖတ်လိုက်လိမ့်မယ်။ ပြီးတော့ မင်းရဲ့မူပိုင် နှစ်လိုဖွယ် ယဉ်ကျေးသမှုနဲ့ copy and paste လုပ်ပြီးပို့မယ့် ပြန်စာတွေကို လက်မ တစ်ချောင်းတည်းနဲ့ အစဉ်လိုက်ပြန်လိမ့်မယ်။ ဒီလောက်ပဲ... မင်းတုံ့ပြန်မှုတွေက ဒီအတိုင်း ဟုတ်မဟုတ် ဆိုတာကို ကိုယ်အလောင်းအစားတောင် လုပ်ရဲသေးတယ်။

Dear တဲ့ … ခေါ်နေကျ အစ်မလို့မဟုတ်တဲ့ နာမ်စား။ ပြန်ဝင်လာတဲ့ Sms ကို တစ္ဆေတစ်ကောင်ကို မြင်ရသလို ငေးစိုက်ကြည့်ပြီး မျက်ရည်ကျတဲ့အခါ အိပ်ခန်းက သိပ်အေးနေလို့ ကျလာတဲ့ မျက်ရည်တွေကပါ ပါးပြင်ပေါ်မှာ အေးစက်သွားတာပဲရှိတယ်။ ဒီအခြေနေဟာ မင်းဘက်မှာ မိုးရွာနေလို့ ကိုယ့်ကမ္ဘာလေး လာချမ်းနေတာမျိုး ဘယ်က,ပါတော့မလဲ။ ဒါလည်း မင်းအပြစ် မဟုတ်ပါဘူး… ကိုယ်တို့ကြားမှာ အရာရာဟာ ဗလာဆိုတာသိရက်နဲ့ မျှော်လင့်ခဲ့တဲ့ ကိုယ့်အပြစ် သက်သက်ပါပဲ။

မင်းနဲ့အတူ မသွားဖြစ်တဲ့ ကော်ဖီဆိုင်ကလေးကို မင်းမွေးနေ့ အမှတ်တရ လို့ တစ်ယောက်တည်း သွားတယ်။ မင်းနဲ့တူတဲ့ ကြောင်ကလေးပုံဘေးက စားပွဲမှာ တစ်ယောက်တည်း ထိုင်တယ်။ Happy Birthday ပါအချစ်ရေလို့ တိုးတိုးကလေး ပြောတယ်။ နံရံပေါ်က စာတိုက်ပုံးကလေးထဲကို မင်းမဖတ် ဖြစ်တော့မယ့် စာတစ်စောင်ရေးပြီး ထည့်တယ်။ ကော်ဖီမမှာဘဲ Ginger Ale တစ်ခွက်မှာတယ်။ စာရွက်ပေါ်မှာ စာရေးနေတုန်းက ခင်ဝမ်းရဲ့ သီချင်းတစ် စကို တိုးတိုးကလေး ညည်းရင်း မျက်ရည်ကျတယ်။

ကိုယ်ဟာမင်းကို ချစ်ခဲ့တယ်…ချစ်ခဲ့တယ်… ချစ်ခဲ့တယ်

#ပြာ

***

အရာအားလုံးဟာ ဂျစ်ဆောရဲ့ ပဟေဠိကလေးတွေ ဖြစ်ခဲ့တယ်

ငယ်ငယ်က ကစားဘူးတဲ့ ဂျစ်ဆောရဲ့ပဟေဠိ ကတ်ပြားလေးတွေကို မှတ်မိသေးလားမောင်။ ပြီးပြည့်စုံတဲ့ ရုပ်လုံးကလေး ရလာဖို့အတွက် ချန်လှပ်ထားတဲ့ တစ်ကွက်ကနေပဲ အဖက်ဖက်ကို ရွှေ့ပြောင်းပြီး ချိတ်ဆက်ယူရတဲ့ ကစားနည်းပေါ့။ ပဟေဠိလေး အောင်မြင်ပေမဲ့ ကတ်ပြားကလေးမှာ အမြဲလိုလို အကွက်ကလေး တစ်ကွက်က လပ်ပြီး ကျန်နေခဲ့တတ်တယ်။

အရာအားလုံးကို နေသားတကျ ပြည့်စုံဖို့ ချန်လှပ် ဖယ်ထုတ်ခဲ့ရတဲ့ ဂျစ်ဆောအရုပ်ဆက် ကစားနည်းထဲက ကွက်လပ်ကလေးတစ်ခုဟာ မောင်လည်းဖြစ်တယ်… ကျွန်မလည်း ဖြစ်တယ်။ မပြည့်စုံခြင်းဟာ ဘဝရဲ့အရာရာ ဖြစ်နေတယ်လေ မောင်ရယ်။ အစအဆုံး ရုပ်လုံးပေါ်အောင် ချိတ်ဆက်ပြီးကာမှ ပြီးပြည့်စုံခွင့် မရခဲ့ကြပြန်ဘူး မဟုတ်လား။

ကျွန်မတို့ နှစ်ယောက်စလုံးဟာ ချောက်ကမ်းပါးစွန်း တစ်ဖက်စီက တဝေါဝေါ တိုက်ခတ်နေတဲ့ လေတွေကြားမှာ ရပ်တန့်နေကြတဲ့ သူတွေပဲ။ ရှေ့တိုးလိုက်တာနဲ့ အသူတရာ မိုင်တွေနက်တဲ့ ချောက်တွေ၊ နောက်ပြန် လှည့်ကြပြန်ရင်လည်း အဆုံးမရှိ လမ်းတွေ။ ကမ္ဘာကြီးက လုံးနေလို့ ကျွန်မတို့ မျက်နှာချင်းဆိုင် ပြန်တွေ့ခဲ့ရင်တောင် အဲဒီ အသူတရာ ချောက်တွေက ကျော်ဖြတ်မရတဲ့ လမ်းတွေပဲ။ ဒီတော့ ဒီတစ်နေရာမှာပဲ ကျွန်မတို့ဆက်ပြီး တစ်ယောက်ကို တစ်ယောက် ရပ်တန့် စိုက်ငေးနေကြရုံပဲ။

လူတွေက ပြောကြမယ်။ သေကွဲ ကွဲနေတာထက် စာရင် တစ်ယောက်မျက်နှာကို တစ်ယောက်က မြင်တွေ့နေခွင့် ရတာဟာ သိပ်ကို ဆန်းကြယ်

ကောင်းမွန်တဲ့ ကံတရားရဲ့ လက်ဆောင်ပဲ မဟုတ်လားလို့။ တကယ်က အဲဒီလို မဟုတ်ဘူးလေ။ တစ်ယောက်ရဲ့ နာကျင်မှုကို တစ်ယောက်ကမှ ပွေ့ဖက်နှစ်သိမ့်ခွင့်မရ၊ တစ်ယောက်ရဲ့ ဖျားနာမှုကို တစ်ယောက်က ပြုစုစောင့်ရှောက်ခွင့်မရ၊ တစ်ယောက်ရဲ့ မျက်ရည်စတွေကိုမှ နောက်တစ်ယောက်က တယုတယ ဖယ်သုတ်ပေးခွင့်မရ။ တစ်ယောက်ကို တစ်ယောက်က နာနာကြင်ကြင် ကြင်ကြင်နာနာ ငေးကြည့်နေရုံ ငေးနေရတာဟာ ရှင်လျက်နဲ့ မသေသေအောင် သတ်တတ်ကြတဲ့ ငရဲတွေပဲ မဟုတ်ဘူးလား မောင်ရေ...

ကိုယ့်ကိုယ်ကိုယ် နာကျင်စေတဲ့ နည်းလမ်းတွေနဲ့ ချစ်ပြတတ်တဲ့ ဇာတ်လမ်းကို ရိုက်နေတဲ့ ရုပ်ရှင်လည်း မဟုတ်ဘူး မောင်ရယ်။ ရုပ်ရှင်သာဆို ကျွန်မ တကယ် ဘယ်ငိုတတ်ပါ့မလဲ။ ဒီနေရာမှာ ဒီကဒ်ပြီးတဲ့အခါ ဒီဇာတ်ကားကို ရုပ်တန့်ပစ်လိုက်တော့မှာပေါ့။ မျက်ရည်သုတ်ပြီး တဟားဟား အော်ရယ် ပစ်လိုက်ရုံပေါ့။ ကျွန်မကိုယ်ကျွန်မ ဘာဖြစ်လို့များ ဒဏ်ရာအနာတရတွေ ပေးနေတော့ မှာလဲကွယ်။ မောင်က ရေစက်ဆိုတာကို ယုံတယ်။ ကျွန်မကကျတော့ ရေစက်ဆိုးတွေကို မုန်းတတ်ပြန်တယ် မောင်ရဲ့။

ဆုတောင်းမှားခဲ့ပါတယ်လို့ ပြောရအောင်ကလည်း ကျွန်မက ဆုတောင်းတွေကို မယုံကြည်တတ် ပြန်ဘူးလေ။ တကယ်တော့ မောင်နဲ့ ကျွန်မဟာ ဘုရားသခင် လိပ်စာမှားသွားတဲ့ ပေးစာနဲ့ ပြန်စာတွေ ဖြစ်ခဲ့ပါလိမ့်မယ်ကွယ်။ အဲဒီလိုများ သံသရာအဆက်ဆက် လွဲမှားခြင်းကို လက်ခံခဲ့ကြရမှတော့ တစ်ယောက်ကို တစ်ယောက် မလွှဲဖယ်စတမ်း ရင်နင့်နာကျင်စေတမ်း ကစားနေကြရုံပေါ့။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက်ဟာ အပိုင်းပိုင်း အစစ အကျိုးကျိုး အကြေကြေတွေကို ရုပ်တန့်တွေဝေ ငေးမောကြရင်း.. တစ်ယောက်ဆီရဲ့ ဆန့်ကျင်ရာ ဘက်တွေကို ကိုယ်စီမျှော်ကြည့်ရင်း... ဘယ်သူကများ အကြည့်တွေကို

စတင်ဖြေလျော့ သွားလိုက်လေမလဲလို့ အယောင်ယောင် အမှားမှား သွေးပျက် ချောက်ချားရင်း....

#ပြာ

***

## အရာရာခြားနားသကဲ့သို့ပင် မတူညီနိုင်ခဲ့သော ချစ်ခြင်းမေတ္တာများအတွက်

တံခါးတစ်ချပ် စေ့ထားခြင်းသည် တွန်းဖွင့်ဝင်လာမည့်သူကို မျှော်လင့်တကြီး ကြိုဆိုနေမိသည့် အမှတ်အသား ဖြစ်ကြောင်းကို ကျွန်မက သူ့ကို ဘယ်လိုရှင်းပြရပ့ါ။ သို့သော် သူသည် စေ့ပိတ်ထားရုံမက အဲဒီတံခါးကို ဟင်းလင်း ဖွင့်ထားစေဦး ဘယ်သောအခါမှ ဝင်ရောက်လာမည့်သူ မဟုတ်ခဲ့။

`ငါ့ကိုချစ်ရင် ငါ့သိက္ခာကိုလည်း ချစ်ပါ´… တဲ့။ သူ ပြောခဲ့ဖူးသော စကားကို ကျွန်မရင်ထဲမှာ ဆေးမင်ထိုးသလို စွဲမြဲမှတ်သားထားပါသည်။

ကျွန်မတို့ကြားမှာ ဆက်ဆံရေးတွေ အေးစက်နေရုံနဲ့ပဲ ကျွန်မတို့နှစ်ယောက် ဝေးကွာ သွားကြပါပြီလို့ လက်ခံလိုက်ရတော့မှာ တဲ့လား။ အသံထွက်အောင် အော်ရယ်ပြီး ခေါင်းခါယမ်းမိ ပါသည်။ ဟင့်အင်း ကျွန်မမှ သူ့ကိုမခွဲနိုင်တာ။

`ငါ့ကို အမြဲချစ်နော်… ´ တဲ့။ သူ့အပေါ်မှာ အမြဲတမ်း ချစ်မြတ်နိုးလျက် ရှိပါကြောင်းကို ကျွန်မ၏ ချစ်ခြင်း မေတ္တာလောက်မှ မခိုင်မာသည့် အရာတွေနှင့် သက်သေထူပြီး ပြောပြနေစရာ လိုသေးလို့များလားဟု ကျွန်မတွေးမိသည်။

ကျွန်မထံတွင် သူ့ကိုမချစ်တော့ဘဲ နေလို့ရသည့် အကြောင်းပြချက်ပေါင်းများစွာရှိသော်လည်း ချစ်မြဲချစ်နေရသည့် အကြောင်းပြချက် ကတော့ တစ်ခုတည်းသာ ရှိ၏။ သူ့တစ်ယောက်တည်း အပေါ်မှာသာ ကျွန်မ၏ ချစ်ခြင်း

မေတ္တာ အားလုံးကို ပုံပေးထားနိုင်ပါသည်… သူ့တစ်ယောက်တည်း ကိုသာ။

`နင့်ကို ငါ့ဘဝထဲက ထုတ်မယ်… သိလား´

ဘယ်တုန်းကမှ ကျွန်မဘဝထဲကို ဝင်မလာခဲ့ဖူးသူ တစ်ယောက်အတွက် ကျွန်မစကားက အတော့်ကို ဟာသမြောက်ပါသည်။ နာကျင်လာတိုင်း အဲဒီလို ကြိမ်းဝါး ကြွေးကြော်မြဲဖြစ်သော ကျွန်မသာလျှင် သူက ချည်နှောင်ထားခြင်း မရှိပါဘဲလျက် သူ့အနားက မခွာနိုင်သော၊ အစွဲချွတ်သော်မှ မကျွတ်လွတ်နိုင်သော တစ္ဆေကြီးလို ဖြစ်နေပြီ။

Adele ရဲ့သီချင်းကတော့ `ကိစ္စမရှိပါဘူး… တစ်နေ့နေ့မှာ နင့်လိုမျိုး တစ်စုံတစ်ယောက်ကို ငါရှာတွေ့မှာပါ´တဲ့… ကျွန်မကတော့ သူမဟုတ်သည့် နောက်ထပ် တစ်ယောက်ယောက်ကို ထပ်ပြီး ရှာမတွေ့ချင်တော့ပါ။ သူ့တစ်ယောက်ကို နားလည်နိုင်ဖို့ ကြိုးစားနေရတာကိုပဲ ကျွန်မ ပင်ပန်းလှပါပြီ မဟုတ်လား။

ကျွန်မ မရှိရင်လည်း တခြား တစ်ယောက်ယောက် ကတော့ သူ့အနား ရှိနေမှာပါပဲ။ ဘယ်တုန်းကမှ မလိုအပ်ခဲ့သူကိုမှ သူလိုအပ်လာလိမ့်မလား ဆိုတဲ့အတွေးနဲ့ ကျွန်မ ရပ်စောင့်နေခဲ့ ဖူးပါတယ်။ ဟင့်အင်း… စွန့်ပစ်လိုက်တာ မဟုတ်ရပါဘူး၊ စွန့်လွှတ်လိုက်မိတာပါ။ ကျွန်မလက်ဖဝါးကို မဆုပ်ကိုင်ချင်သူဆီကို လက်မကမ်းတော့တာပါ… ထားခဲ့တဲ့နေရာမှာ ရပ်နေခဲ့တာပါ။ ချစ်ခြင်းမေတ္တာကို ပေးခဲ့ပြီးပါပြီ။ မလိုအပ်သူအတွက်မို့ အပေါ်အပဲ ဆန်သွားရတာကတော့ ကျွန်မလည်း မတတ်နိုင်ဘူးပေါ့လေ။ ပျော်ရွှင်ပါစေ .. ငြိမ်းချမ်းပါစေပေါ့…။

ကိုကျော်စွာရေးပြီး ဂျီလတ်ဆိုတဲ့ သီချင်းကတော့ အရာရာခြားနားလည်း အချစ်တော့ တူမှာပါတဲ့…. ကျွန်မကတော့ အရာရာ ခြားနားသကဲ့သို့ပင် မတူညီနိုင်ခဲ့သော ချစ်ခြင်းမေတ္တာများ အတွက် နာကျင်ခဲ့ရပါသည်။

***